ဒုံဖီကျေးရွာ
ရေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒုံဖီကျေးရွာ၊ ရေးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇွန်လ

Scanned by CamScanner

မာတိကာ

စကားချီး

ဒုံဖီကျေးရွာ သယံဇာတပြမြေပုံ၊ ရေးမြို့နယ်

အပိုင်း (က) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

Scanned by CamScanner

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဓာတ်များ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဓာတ်

Scanned by CamScanner

စကားရှိုး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ

Scanned by CamScanner

ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။


၉ရက်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒုံဖီကျေးရွာ

ရေးမြို့နယ်

Scanned by CamScanner



Scanned by CamScanner

အပိုင်း (က)

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

Scanned by CamScanner

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဒုံဖီကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၏ ဒုံဖီကျေးရွာအုပ်စု ရေးမြို့၏ မြောက်ဘက် (၁၆) မိုင်အကွာ၊ လမိုင်းမြို့၏ အရှေ့ဘက် (၃.၅) မိုင်အကွာ၊ စံပြကျေးရွာ၏ အနောက်ဘက် (၂.၁၆) မိုင်အကွာ၊ မော့ကနင်ကျေးရွာ၏ တောင်ဘက် (၃) မိုင်အကွာတွင် တည်ရှိပါ သည်။ ဒုံဖီကျေးရွာမှ မော်လမြိုင်-ရေး-ထား၀ယ်-မြိတ်အဝေးပြေးလမ်းမကြီး ပေါ်သို့ ရောက်ရှိရန် ၂ မိုင်ကျော်ကျော်သွားရပါသည်။ဒုံဖီကျေး၏ အရှေ့ဘက်တွင်မော်လမြိုင်-ရေး-ထား၀ယ်-မြိတ်အဝေးပြေးလမ်းတည်ရှိပြီး အနောက်ဘက်တွင် မော်လမြိုင်-ထား၀ယ် မီးရထားလမ်းတည်ရှိပြီး ကျေးရွာသည် အဝေးပြေးကားလမ်းမကြီးနှင့် မီးရထားလမ်းနှစ်ခု ကြားတွင်တည်ရှိပါသည်။ တောင်တန်းများပတ်လည်၀န်းရံထားသော ရွာကလေးတစ်ရွာ ဖြစ်ပြီး တောင်ဘက်တွင် ရွှေတောင်ညိုတောင်တန်းများသွယ်တန်းလျက်တည်ရှိပါသည်။ ရွှေတောင်ညိုတောင်တန်း၏ အရှေ့ဘက်မှအဖျားခံသော ဒုံဖီချောင်းသည် ရွာတောင် ဘက်ဘေးတစ်လျှောက်မှ စီးဆင်းလာကာ ရွာ၏အလယ်တွင်ဖြတ်၍ အရှေ့တောင်မှ အနောက်မြောက်ဘက်သို့စီးဆင်းသွားပါသည်။ ကျေးရွာတွင် ကရင်၊ ဗမာ၊ မွန်စသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်လျက်ရှိရာ ကရင်လူမျိုးအများစုနေထိုင်ကြပြီး မွန်၊ ဗမာလူမျိုးများမှာ လူနည်းစုဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာ၀အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာသမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှုရှိပါသည်။ နှစ်စဉ်မိုးရေချိန်လက်မ (၈၀) ခန့်ရရှိပါသည်။ စိုက်ပျိုးနိုင်သောမြေဧရိယာမှာလယ်မြေ (၁၉၅) ဧက၊ ယာမြေ (၈) ဧက၊ ဥယျာဉ်ခြံမြေ (၈၉၈) ဧကနှင့် သီးနှံများမစိုက်ပျိုးသည့်စားကျက်မြေ (၃) ဧကရှိပါသည်။သဘာ၀ပေါက်ပင်များမှာ မရမ်းပင်၊ မန်းကျည်း၊ ငှက်ပျော၊ သဖန်းပင်၊ ညောင်ပင်၊ ဝါးပင်၊ သစ်ခါး၊ ကစွယ်၊ ကရဝေးပင်၊ သပြေ၊ ကပါး၊ သက်ကယ်စသော လူကို အကျိုးဝင်စေသည်။မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဒုံဖီချောင်း၊ မော့ကနင်ချောင်း၊ပန်ခလောချောင်း၏ အလယ်နှင့်ဘေးတစ်ဖက်တစ်ချက်တွင် ဒုံဖီ ကျေးရွာပိုင်သဲတွင်း၊ကျောက်တွင်းများလည်းရှိပါသည်။ ရွှေတောင်ညိုတောင်တန်းမှ သစ်တောဖြုန်းတီးခြင်းကိုကာကွယ်ရန် သစ်တောမြေဧက (၃၀) ခန့်ကိုလည်း သဘာ၀ထိန်း သိမ်းရေးအဖြစ်ထား ရှိခဲ့ပါသည်။ရွာအလယ်ရှိချောင်းတွင် ငါးမျိုးပေါင်းများစွာရှိပါသည်။ ငါးမျိုးသုန်းခြင်းမှကာကွယ်ရန် ကျေးရွာရှိအုပ်ချုပ်ရေးအဝိုင်းမှ ရွာအလယ်ရှိချောင်းတွင် ငါးဖမ်းခြင်းကိုတားမြစ်ထားပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေး အဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေး၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ လုံခြုံရေးအဖွဲ့၊ မြစ်မ်းရောင်ရန်ပုံငွေ

Scanned by CamScanner

ကြီးကြပ်မှုကော်မတီအဖွဲ့ အပြင်ယခုအခါကျေးရွာဖွံ့ဖြိုး ရေးကော်မတီကိုပါဖွဲ့စည်းထား ပါ သည်။ အဖွဲ့အစည်းအားလုံးသည်ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံးလုပ်ဆောင်နေကြပါသည်။ ကျေးရွာလူထုပူးပေါင်း၍ တိုင်းရင်းသားကရင်စာပေတိုးတက်ပြန့်ပွားရေး၊ ကရင်နှစ်သစ်ကူး ပွဲတော်များကျင်းပရေး၊ ကရင်ရိုးရာဒုံးအကများလေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက် ပေးပြီး ကျေးရွာလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊ ကျန်းမာကြံ့ခိုင်မှုရှိရေး၊ ရည်မှန်းချက်ထားကာတတ်သိပညာရှင်များကို ဖိတ်ကြား၍ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဟောပြောပွဲများကျင်းပပေးခြင်း၊ အားကစားပွဲများကျင်းပပေးခြင်းတို့ကို ပါဝင်ဆောင်ရွက် နေကြပါသည်။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များသည် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော အရင်းမပျောက်လည် ပတ်ရန်ပုံငွေကျပ်သိန်း(၃၀၀)အား ကျေးရွာသူ/သားများသို့ အတိုးငွေနည်းနည်းဖြင့် ထုတ် ချေးပေးနိုင်ရန်နှင့် မဆုံးရှုံးမပပျောက်စေရေးအတွက် တာဝန်ယူထိန်းသိမ်း ပေးရသော အဖွဲ့ဖြစ်ပါသည်။ ၄င်းစီမံကိန်းမှရလာသော အတိုးငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များလည်းဆောင်ရွက်နိုင်သည့်အပြင် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများဖြင့် မိသားစု စားဝတ်နေရေးပိုမိုအဆင်ပြေလာသောကြောင့် ကျေးရွာသူ/သားများအနေဖြင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးအားကျေးဇူးအထူးတင်ရှိနေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဒုံဖီကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ(၁၀)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ်(၄၀)အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၆၀)အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး(၁၀)အိမ်ထောင်စုစသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့်ပြည်ပတွင်သွားရောက်လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပြီး ကျေးရွာ ၏အဓိကဝင်ငွေရလုပ်ငန်းမှာ ရော်ဘာခြံ၊ကွမ်းသီးခြံများဖြစ်ပြီး စပါးစိုက်ပျိုးမြေဧက (၁၉၅) ဧကရှိသော်လည်း စိုက်ပျိုးရေးနည်းပညာကို လက်လမ်းမမှီသဖြင့် စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၂၅) တင်းသာထွက်ရှိ၍ ဝမ်းစာဖူလုံမှုရှိရုံသာဖြစ်ပါသည်။ နှစ်စဉ်မိုးရေချိန်

Scanned by CamScanner

လုံလောက်စွာရရှိသောကြောင့် ရာဘာနှင့်ကွမ်းသီးပင်များကိုနှစ်ရှည်ပင်အဖြစ် စိုက်ပျိုးကြပါသည်။ ရော်ဘာထုတ်လုပ်မှုမှာတစ်နှစ်လုံးတွင် (၆)လခန့်သာထုတ်နိုင်ပါသည်။ရော်ဘာမျိုးမှာ ယခင်ကအရိုင်းမျိုးများသာစိုက်ပျိုးခဲ့ကြပြီး ယခုအခါမျိုးကောင်းမျိုးသန့်ကိုင်းကူးကိုင်း ဆက်ပင်များ အစားထိုးစိုက်ပျိုးလာကြပါသည်။ စပါးရိတ်သိမ်းပြီးချိန်တွင် ဆောင်းသီးနှံများ ဖြစ်သော ပြောင်း၊ မြေပဲ၊ ဖရဲနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများကိုသီးထပ်အဖြစ်စိုက်ပျိုးကြပါသည်။ ခြံများတွင်ချောင်းနှင့်နီးသောနေရာများတွင် ဒူးရင်း၊ မင်းကွတ်၊ သရက်၊ သံပုရာ အစရှိသောအပင်များကို သီးညှပ်စိုက်ပျိုးကြပါသည်။ကျေးရွာတွင်ပြည်ပထွက်အလုပ်လုပ်သူများပြားလာခြင်းကြောင့် လုပ်သားရှားပါးမှုဖြစ်ပေါ်ကာ လုပ်အားခစျေးနှုန်းကြီးမြင့်လာပြီး စိုက်ပျိုးထုတ်လုပ်မှုကိုထိခိုက်လာပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၈)အိမ်ရှိပြီး နွားကောင်းရေ (၄၆) ကောင်၊ ဆိတ်မွေးသည့်အိမ်ထောင်စု(၂)အိမ်မှ ဆိတ် (၄)ကောင်၊ အိမ်ထောင်စု (၈၇) အိမ်မှ ဝက် (၂၁၉)ကောင်၊ အိမ်ထောင်စု (၁၁၈)အိမ်မှ ကြက် (၁၇၀၉)ကောင်၊ အိမ်ထောင်စု (၁၁) အိမ်မှ (၅၈)အိမ်နှင့် ငါးမွေးမြူရေးကန်(၁)ကန်မှ(၁၀၀၀)ကောင်ရေရှိပြီးစသည်ဖြင့် မိသားစုတစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ ကျေးရွာတွင် ငါးမွေးမြူရေးကန်တစ်ကန်ရှိသောကြောင့်ထိုငါးကန်မှ ငါးများကိုရွာသူ/သားများက ဝယ်ယူစားသုံးကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် စျေးဆိုင်များ၊ ကားမောင်းခြင်း၊ လက်သမား၊ ပန်းရံ၊ အလုပ်ငြင်၊ အလှဆင်နှင့်ကျဘမ်းလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စုများလည်းရှိပါသည်။ ကျေးရွာတွင်ရာသီအလိုက်အလုပ်အဆက်မပြတ်ရှိသဖြင့် မိသားစုများအတွက်လုံလောက်သောဝင်ငွေရရှိပါသည်။ စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ကိုင်နေကြသော

Scanned by CamScanner

မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှု အနေဖြင့်ကျေးရွာတွင် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁)ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပေးပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးရွာသို့ ကျပ်သိန်း(၃၀၀)ထောက်ပံ့ပေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ကြပြီး အတိုးနှုန်းမှာ(၁%)ဖြင့် အတိုးဆပ်ကာလကို (၃)လတစ်ကြိမ်၊ အရင်းပြန်ဆပ်ကာလကို တစ်နှစ်သတ်မှတ်ထားသောကြောင့် ကျေးရွာသူ/သားများအနေဖြင့် အတိုးနှုန်းနည်းပါးပြီးချေးငွေသက်တမ်းရှည်သောစီမံကိန်းဖြစ်သောကြောင့် မိသားစုစား၀တ်နေရေးပိုမိုအဆင်ပြေစေပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် မော်တော်ဆိုင်ကယ် (၁၆၄) စီး၊ ကား(၃)စီး၊ထော်လာကျီ(၁၁)စီး၊ သုံးဘီးဆိုင်ကယ်(၃)စီး၊စက်ဘီး(၅၂)စီး နှင့်နွားလှည်း(၅)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ဒုံဖီကျေးရွာ၏လမ်းမကြီးသည် မြေသားလမ်းဖြစ်သောကြောင့် ပွင့်လင်းရာသီတွင် ရွာသူ/သားများ အလွယ်တကူသွားလာနိုင်သော်လည်း မိုးရာသီတွင်ရွံ့ဗွက်များဖြစ်ပြီး လမ်းချော်နေသောကြောင့်သွားလာရန်ခက်ခဲပါသည်။ရွာလည်ရှိ ဒုံဖီချောင်းတွင် ပေ(၄၀'x၄'x၂')ရှိသော သစ်သားတံတားငယ်(၁)စင်းကို ရွာသူ/သားများက ကိုယ်ထူကိုယ်ထနည်းဖြင့် လွန်ခဲ့သော(၂၃)နှစ်ခန့်က တည်ဆောက်ထားခဲ့ပါသည်။ထိုသစ်သားတံတားပေါ်တွင် စက်ဘီး၊ဆိုင်ကယ်စသော ယာဉ်ငယ်များသာသွားလာနိုင်ပါသည်။ နာရေးကိစ္စများကြုံတွေ့ရပါက ချောင်းကိုဖြတ်၍သွားရသောကြောင့် မိုးရာသီမိုးကြီးချိန်တွင် အခက်အခဲများရှိနေပါသည်။ ယခုလက်ရှိဒုံဖီ-စံပြနှင့် ဒုံဖီ-လမိုင်း မြေနီလမ်းကိုလည်းကျေးရွာသူ/သားများက ကိုယ်ထူ

Scanned by CamScanner

ကိုယ်ထစနစ်ဖြင့်ပိုမိုကောင်းမွန်အောင် ပြင်ဆင်နေကြပါသည်။ အုပ်ချုပ်ရေးအဝိုင်းမှခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ၊ ဖွဲ့ဖြိုးရေးကော်မတီ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများမှ ဦးဆောင်၍ ကျေးရွာတွင်ရှာလုံးကျွတ်အစည်းအဝေးခေါ်ကာ နွေဝိုင်းတွင် လမ်းကို တစ်လတစ်ခါပြုပြင်ရန်စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာသွားလာရ အဆင်မပြေမှုများ ကြုံတွေ့ရသောအခါ ကျေးရွာသူ/သားများမှကျောက်များ၊ သဲများဖို့ခြင်းဖြင့်မိမိတို့ကျေးရွာသာယာလှပရေး အတွက်တတ်နိုင်သလောက် တာဝန်ကျေပွန်စွာထမ်းဆောင်ကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင်မဟာဓာတ်အားလိုင်းမရှိသည့်အတွက် ဆိုလာစနစ်အသုံးပြုနေကြသည့် အိမ်ထောင်စု(၁၂၃)စုရှိပြီး၊ အသေးစားရေအားလျှပ်စစ်အသုံးပြုနေသည့် အိမ်ထောင်စု(၂)စုရှိပြီး၊ ဒီဇယ်သုံးအင်ဂျင်အသုံးပြုနေကြသည့် အိမ်ထောင်စု(၃၈)စုရှိပြီး၊ အခြားနည်းစနစ်များဖြင့်မီးသုံးစွဲနေသော အိမ်ထောင်စု(၈၆)စုရှိကြပြီး လျှပ်စစ်မီးလုံးဝအသုံးမပြုနိုင်သေးသော အိမ်ထောင်စု(၃၈)စုရှိပါသည်။ လျှပ်စစ်မီးမရှိသေးသည့်အတွက်ကျောင်းသား/သူများ စာကြည့်ရာတွင်လည်း အခက်အခဲရှိနေပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဒုံဖီကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၉၈) လုံး၊ ရေဒီယို(၅၁)လုံး၊ တီဗွီ(၁၀၂)လုံးစသည်တို့မှရရှိသော်လည်းအမ်ပီတီနှင့် တယ်လီနော ဖုန်းတာဝါတိုင်များ ကျေးရွာတွင်ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

၆။ ပညာရေး

ဒုံဖီကျေးရွာတွင်အလယ်တန်း(ခွဲ)အဆင့်ပညာရေးကိုသင်ကြားနိုင်ပြီး အထက်တန်းအဆင့်ပညာရေးကို လမိုင်းမြို့၊ မော့ကနင်၊ သံဖြူဇရပ်၊ ဝဲခမီ၊ ကျိုက်မရော၊ သထုံစသည့် အခြေခံပညာအထက်တန်းကျောင်းများတွင် ဆက်လက်ပညာသင်ယူကြပါ သည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသားကျောင်းသူများလည်း အနည်းငယ်ရှိပါသည်။ အလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းနှစ်ဆောင်ရှိပြီး ကျောင်းသားဦးရေများလာသည့်အတွက် ကျေးရွာသူ/သားများမှ ကိုယ်ထူကိုယ်ထကျောင်းဆောင်သစ်တစ်ဆောင် ထပ်မံတိုးချဲ့ဆောက်လုပ်နေဆဲဖြစ်ပါသည်။ ယခင်ကျောင်းဆောင်မှာလည်း

Scanned by CamScanner

မျက်နှာကျက်နှင့် ခန်းဆီးအကာများမရှိသည့်အတွက် ကလေးများစာသင်ကြားရာတွင် အခက်အခဲများရှိနေပါသည်။ ထို့ပြင် ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုမရှိပါ။

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်းတွေ့ရှိရပါသည်။ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် တစ်စတစ်စတိုးတက်လာပြီး နှစ်စဉ်တက္ကသိုလ်ဝင်တန်းအောင်မြင်သူများလည်း များပြားလာပါသည်။ကျေးရွာတွင် အများစုမှာ အခြေခံအရေးအဖတ်သာ တတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရများလည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုကြောင့် ကျေးရွာတွင် ခြံလုပ်ငန်း၊စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ဒုံဖီကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသည့်အတွက် အရေးပေါ်လူနာများ၊ကိုယ်ဝန်ဆောင်မိခင်များ အတွက်အချိန်မှီကုသနိုင်ရန် လမ်းပမ်းဆက်သွယ်ရေးလည်း အကောင်းသည့်အတွက် အခက်အခဲများရှိနေပါသည်။ နှစ်စဉ်မိုးရာသီတွင် ရွာသူ/သားများ၊ ကလေးများသည် နာစီး၊ချောင်းဆိုးအအေးမိနေသော်လည်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည့်အခြေအနေထိမရှိခဲ့ပါ။ ယခင်ကငှက်ဖျားရောဂါဖြစ်ပွားမှုများပြားသော်လည်း ယခုအခါငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့ဖြစ်သော IOM အဖွဲ့အစည်းမှ ကျန်းမာရေးအစီအစဉ်များဆောင်ရွက်ပေးပြီး ဆေးခြင်ထောင်ပေးဝေခြင်း၊ ငှက်ဖျားဆေးတိုက်ကျွေးခြင်းများပြုလုပ်ပေးသောကြောင့် ငှက်ဖျားရောဂါဖြစ်ပွားမှု မရှိသလောက်ရှားပါးသွားပါသည်။ ကျန်းမာရေးဦးစီးဌာနမှ ပွင့်လင်းရာသီတွင်တစ်လတစ်ခါကာကွယ်ဆေး များလာရောက်ထိုးပေးနိုင်သော်လည်း မိုးရာသီတွင် လမ်းပမ်းဆက်သွယ်ရေးခက်ခဲသောကြောင့် လာရောက်ထိုးပေးနိုင်ခြင်းမရှိပါ။ အရေးပေါ်အခြေအနေများတွင် နီးစပ်ရာကျန်းမာရေးဆေးပေးခန်းများ၊ ဆေးရုံများသို့ သွားရောက်ကုသရပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းနှင့် တောင်ကျချောင်းရေတို့မှရရှိလာသောရေကိုအဓိကထားအသုံးပြုကြပါသည်။ ရွှေတောင်ညိုတောင်တန်း၏ အရှေ့ပိုင်းမှအဖျားခံပြီးစီးဆင်းလာသောချောင်းရေသည် အလွန်ပင်ကြည်လင်အေးမြလှပါသည်။ ရွာသူ/သားများသည် လွန်ခဲ့သောနှစ်ပေါင်းများစွာတိုင် ထိုချောင်းရေကိုသာအသုံးပြုခဲ့ကြပါသည်။ ယခုအခါတွင်ရေကို လွယ်လွယ်ကူကူသန့်သန့်ရှင်းရှင်းအသုံးပြုနိုင်ရန် ဒုံဖီကျေးရွာဆရာတော်နှင့် ရပ်မိရပ်ဖများမှဦးဆောင်ကာ စမ်းချောင်းလေးဆုံရာအနီးရှိ ခြံပိုင်ရှင်များထံသွားရောက်ဆွေးနွေးတိုင်ပင်ကာ သဘောတူညီမှုရရှိ၍ ထိုနေရာတွင်ကိုယ်ထူကိုယ်ထနည်းဖြင့် ဆည်ကဲ့သို့သောရေလှောင်တမံတစ်ခု တည်ဆောက်ထားပါသည်။ ထိုရေလှောင်တမံမှတဆင့် ပိုက်လိုင်းသွယ်ယူပြီး ရွာ၏အရှေ့ပိုင်းကုန်းမြင့်နေရာနှင့် ရွာ၏အနောက်ပိုင်းကုန်းမြင့်နေရာ

Scanned by CamScanner

တွင်ရေလှောင်ကန်တည်ဆောက်ကာ ရေပေးဝေလျှက်ရှိပါသည်။ ရေလှောင်ကန်ထိန်းသိမ်းရေးကော်မတီကိုလည်း ဖွဲ့စည်းထားပါသည်။ ထိုရေလှောင်ကန်မှရေများသည်မိုးရာသီနှင့် ဆောင်းရာသီတွင်သာရေကိုလုံလောက်စွာရရှိသော်လည်း နွေရာသီတွင် ရေလုံလောက်စွာမရရှိသဖြင့် ရေအခက်အခဲများရှိပါသည်။တစ်ခါတစ်ရံတွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်ကျိုးကျခြင်း၊ သစ်ရွက်ကြွေကြွေ၍ပိုက်ခေါင်းတွင် ပိတ်ဆို့နေခြင်းများကြုံတွေ့ရသောအချိန်တွင် ရေတွင်းရေကိုသာအသုံးပြုကြပါသည်။ ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို အသုံးပြုသည့်အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာအသုံးပြုသည့် အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဒုံဖီကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့်အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့်၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ဒုံဖီကျေးရွာတွင် ကျောက်၊သဲနှင့်ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် အနည်းငယ်ရရှိပြီးကုန်ထုတ်လုပ်မှုဖြင့်ရောင်းချရန် လက်လှမ်းမမှီသော်လည်း ကျေးရွာအတွင်းအဆောက်အဦများတည်ဆောက်ရန်အတွက်အသုံးပြုရန် လွယ်ကူစွာရရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည်ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သောခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဒုံဖီကျေးရွာတွင် ကျား/မဆိုင်ရာသာတူညီမျှ အခွင့်အရေးရှိသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီးပူးပေါင်းဦးဆောင်ကာအတူတကွပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာ၏သာရေး၊နာရေး၊လူမှုရေး၊စီးပွားရေးအဖက်ဖက်မှ လည်း အမျိုးသား/သမီးအတူတကွကြိုးစားဆောင်ရွက်လျှက်ရှိပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်းအကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာအသိပညာများအားနည်းကြပါသည်။

Scanned by CamScanner

	ဒီဇယ်အစွမ်းသတ္တိ	ဆီသုံးစွဲနှုန်း	ကြိုတင်ပြင်ဆင်ရမည့်အချက်များ	စဉ်
	ဒီဇယ်အစွမ်းသတ္တိ ဆိုသည်မှာ အင်ဂျင်တစ်လုံးသည် ဆီတစ်လီတာ သုံးစွဲ၍ ထုတ်လုပ်ပေးနိုင်သော အင်အားပမာဏကို ဆိုလိုသည်။	ဆီသုံးစွဲနှုန်း ဆိုသည်မှာ အင်ဂျင်တစ်လုံးသည် တစ်နာရီလျှင် သုံးစွဲသော ဆီပမာဏကို ဆိုလိုသည်။		
၁	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	အင်ဂျင်သည်	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	၁
၂	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	အင်ဂျင်သည်	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	၂
၃	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	အင်ဂျင်သည်	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	၃
၄	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	အင်ဂျင်သည်	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	၄
၅	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	အင်ဂျင်သည်	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	၅
၆	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	အင်ဂျင်သည်	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	၆
၇	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	အင်ဂျင်သည်	ဒီဇယ်အစွမ်းသတ္တိမြင့်စေရန်	၇

Scanned by CamScanner

๒๐	๑๙	๑๘	๑๗	๑๖	๑๕	๑๔	๑๓	๑๒	๑๑	๑๐	๙	๘	๗	๖	๕	๔	๓	๒	๑	ลำดับที่
๒๐	๑๙	๑๘	๑๗	๑๖	๑๕	๑๔	๑๓	๑๒	๑๑	๑๐	๙	๘	๗	๖	๕	๔	๓	๒	๑	ลำดับที่
๒๐๖๔๐๐๐๐๐๐	๒๐๖๔๐๐๐๐๐๙	๒๐๖๔๐๐๐๐๐๘	๒๐๖๔๐๐๐๐๐๗	๒๐๖๔๐๐๐๐๐๖	๒๐๖๔๐๐๐๐๐๕	๒๐๖๔๐๐๐๐๐๔	๒๐๖๔๐๐๐๐๐๓	๒๐๖๔๐๐๐๐๐๒	๒๐๖๔๐๐๐๐๐๑	๒๐๖๓๐๐๐๐๐๐	๒๐๖๓๐๐๐๐๐๙	๒๐๖๓๐๐๐๐๐๘	๒๐๖๓๐๐๐๐๐๗	๒๐๖๓๐๐๐๐๐๖	๒๐๖๓๐๐๐๐๐๕	๒๐๖๓๐๐๐๐๐๔	๒๐๖๓๐๐๐๐๐๓	๒๐๖๓๐๐๐๐๐๒	๒๐๖๓๐๐๐๐๐๑	รหัสนักศึกษา
นายสมชาย ใจดี	นางสาวสุดา รักเรียน	นายวิชัย มั่นคง	นางสาวพรทิพย์ สุขใส	นายอนุชา ทองดี	นางสาวกัลยา แซ่ลี้	นายธนพล วงศ์สกุล	นางสาวปิยนุช เจริญผล	นายกิตติพงษ์ ศรีสุข	นางสาวรัตนา บุญมี	นายประเสริฐ ดีงาม	นางสาวอรุณี ใจงาม	นายณัฐพล ชัยวัฒน์	นางสาวเบญจมาศ ทองคำ	นายภูมิพัฒน์ ลาภมาก	นางสาวศิริพร เกษมสุข	นายวรวุฒิ พันธุ์ดี	นางสาวจันทร์เพ็ญ สายชล	นายอดิศักดิ์ แก้วใส	นางสาวนิภา ศรีสวัสดิ์	ชื่อ-สกุล
๒๕	๒๖	๒๗	๒๘	๒๙	๓๐	๓๑	๓๒	๓๓	๓๔	๓๕	๓๖	๓๗	๓๘	๓๙	๔๐	๔๑	๔๒	๔๓	๔๔	ชั้นปีที่
๒๐๖๔๐๐๐๐๐๐	๒๐๖๔๐๐๐๐๐๙	๒๐๖๔๐๐๐๐๐๘	๒๐๖๔๐๐๐๐๐๗	๒๐๖๔๐๐๐๐๐๖	๒๐๖๔๐๐๐๐๐๕	๒๐๖๔๐๐๐๐๐๔	๒๐๖๔๐๐๐๐๐๓	๒๐๖๔๐๐๐๐๐๒	๒๐๖๔๐๐๐๐๐๑	๒๐๖๓๐๐๐๐๐๐	๒๐๖๓๐๐๐๐๐๙	๒๐๖๓๐๐๐๐๐๘	๒๐๖๓๐๐๐๐๐๗	๒๐๖๓๐๐๐๐๐๖	๒๐๖๓๐๐๐๐๐๕	๒๐๖๓๐๐๐๐๐๔	๒๐๖๓๐๐๐๐๐๓	๒๐๖๓๐๐๐๐๐๒	๒๐๖๓๐๐๐๐๐๑	รหัสนักศึกษา
๑๕๐๐๐ (หนึ่งแสนห้าหมื่นบาทถ้วน)	๒๐๐๐๐ (สองหมื่นบาทถ้วน)	๓๕๐๐๐ (สามหมื่นห้าพันบาทถ้วน)	๑๒๐๐๐ (หนึ่งหมื่นสองพันบาทถ้วน)	๒๕๐๐๐ (สองหมื่นห้าพันบาทถ้วน)	๑๘๐๐๐ (หนึ่งหมื่นแปดพันบาทถ้วน)	๓๐๐๐๐ (สามหมื่นบาทถ้วน)	๒๒๐๐๐ (สองหมื่นสองพันบาทถ้วน)	๑๖๐๐๐ (หนึ่งหมื่นหกพันบาทถ้วน)	๒๐๐๐๐ (สองหมื่นบาทถ้วน)	๑๐๐๐๐ (หนึ่งหมื่นบาทถ้วน)	๒๕๐๐๐ (สองหมื่นห้าพันบาทถ้วน)	๑๕๐๐๐ (หนึ่งหมื่นห้าพันบาทถ้วน)	๒๐๐๐๐ (สองหมื่นบาทถ้วน)	๓๐๐๐๐ (สามหมื่นบาทถ้วน)	๑๒๐๐๐ (หนึ่งหมื่นสองพันบาทถ้วน)	๒๕๐๐๐ (สองหมื่นห้าพันบาทถ้วน)	๑๘๐๐๐ (หนึ่งหมื่นแปดพันบาทถ้วน)	๒๐๐๐๐ (สองหมื่นบาทถ้วน)	ทุนการศึกษา
๒๐๖๔๐๐๐๐๐๐	๒๐๖๔๐๐๐๐๐๙	๒๐๖๔๐๐๐๐๐๘	๒๐๖๔๐๐๐๐๐๗	๒๐๖๔๐๐๐๐๐๖	๒๐๖๔๐๐๐๐๐๕	๒๐๖๔๐๐๐๐๐๔	๒๐๖๔๐๐๐๐๐๓	๒๐๖๔๐๐๐๐๐๒	๒๐๖๔๐๐๐๐๐๑	๒๐๖๓๐๐๐๐๐๐	๒๐๖๓๐๐๐๐๐๙	๒๐๖๓๐๐๐๐๐๘	๒๐๖๓๐๐๐๐๐๗	๒๐๖๓๐๐๐๐๐๖	๒๐๖๓๐๐๐๐๐๕	๒๐๖๓๐๐๐๐๐๔	๒๐๖๓๐๐๐๐๐๓	๒๐๖๓๐๐๐๐๐๒	๒๐๖๓๐๐๐๐๐๑	รหัสนักศึกษา
๑๕๐๐๐ (หนึ่งแสนห้าหมื่นบาทถ้วน)	๒๐๐๐๐ (สองหมื่นบาทถ้วน)	๓๕๐๐๐ (สามหมื่นห้าพันบาทถ้วน)	๑๒๐๐๐ (หนึ่งหมื่นสองพันบาทถ้วน)	๒๕๐๐๐ (สองหมื่นห้าพันบาทถ้วน)	๑๘๐๐๐ (หนึ่งหมื่นแปดพันบาทถ้วน)	๓๐๐๐๐ (สามหมื่นบาทถ้วน)	๒๒๐๐๐ (สองหมื่นสองพันบาทถ้วน)	๑๖๐๐๐ (หนึ่งหมื่นหกพันบาทถ้วน)	๒๐๐๐๐ (สองหมื่นบาทถ้วน)	๑๐๐๐๐ (หนึ่งหมื่นบาทถ้วน)	๒๕๐๐๐ (สองหมื่นห้าพันบาทถ้วน)	๑๕๐๐๐ (หนึ่งหมื่นห้าพันบาทถ้วน)	๒๐๐๐๐ (สองหมื่นบาทถ้วน)	๓๐๐๐๐ (สามหมื่นบาทถ้วน)	๑๒๐๐๐ (หนึ่งหมื่นสองพันบาทถ้วน)	๒๕๐๐๐ (สองหมื่นห้าพันบาทถ้วน)	๑๘๐๐๐ (หนึ่งหมื่นแปดพันบาทถ้วน)	๒๐๐๐๐ (สองหมื่นบาทถ้วน)	ทุนการศึกษา

(๑) ข้อมูลตัวอย่าง

Scanned by CamScanner

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၇	၁၃
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၄	၁၉	၅၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၂	၅၄	၁၁၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၅	၇၄	၁၃၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၃၇	၃၅၈	၆၉၅
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၉	၃၅	၆၄
စုစုပေါင်း		၅၃၃	၅၄၇	၁၀၈၂
စုစုပေါင်း အိမ်ထောင်စု				၂၀၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ဒုံဖီကျေးရွာသည်အိမ်ထောင်စု(၂၀၀)စု၊လူဦးရေ(၁၀၈၂) ဦးရှိပါသည်။ ဒုံဖီကျေးရွာတွင်အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ် (၁.၂၀%)၊ မူလတန်းကျောင်းသားအရွယ်(၁၀.၉၁%)၊အလယ်တန်းကျောင်းသားအရွယ်(၁၂.၈၅%)၊အလုပ်လုပ်နိုင်သည့်အရွယ်(၆၄.၂၃%)၊သက်ကြီးရွယ်ကြီးအရွယ်(၅.၉၁%)ရှိပါသည်။ပျမ်းမျှအနေဖြင့်အလုပ်မလုပ်နိုင်သည့်လူဦးရေသည်တစ်ရွာလုံးရှိလူဦးရေ၏ (၃၅.၇၇)% ရှိပြီးအလုပ်လုပ်နိုင်သည့်အရွယ်ကျား(၃၃၇)ဦး၊ မ(၃၅၈)ဦး စုစုပေါင်း(၆၉၅)ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏ (၇၃.၅၁)%ရှိပါသည်။ထို့ကြောင့်ကျေးရွာအတွင်းအလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့်လူသားအရင်းအမြစ်ကောင်းများအဖြစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့မှုပေးနိုင်ပါသည်။

Scanned by CamScanner

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၁၉၅	သင့်	အနည်းအကျဉ်း	ချောင်း
ယာမြေ	၈	သင့်	အနည်းအကျဉ်း	မြေအောက်ရေ
ဥယျာဉ်ခြံမြေ	၈၉၈	သင့်	အနည်းအကျဉ်း	ချောင်း
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ	၃	သင့်	အနည်းအကျဉ်း	ချောင်း
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၁၁၀၄	သင့်	အနည်းအကျဉ်း	ချောင်း၊စိမ့်စမ်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ရေရှိသည့်အရင်းအမြစ်အမျိုးအစား -ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ဒုံဖီကျေးရွာတွင်လယ်(၁၉၅)ဧက၊ ယာမြေ (၈)ဧက၊ဥယျာဉ်ခြံမြေ (ရော်ဘာခြံ၊ကွမ်းသီးခြံ)(၈၉၈)ဧကရှိပြီး မြေဆီလွှာအရည်အသွေး အသင့်သင့် ပဲရှိပါသည်။ စားကျက်မြေ(၃)ဧကရှိပြီးရေအရင်းအမြစ်မှာချောင်းရေ၊စိမ့်စမ်းရေသို့မှအနည်းအကျဉ်း ရရှိပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	နည်း	လက်လှမ်းမမှီ
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	သင့်	လွယ်
ပျမ်းမျှအပူချိန် - ၃၅ C	ပျမ်းမျှ မိုးရေချိန် - လက်မ(၈၀)ခန့်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

Scanned by CamScanner

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ဒုံဖီကျေးရွာတွင် ကျောက်၊ သဲနှင့်ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင်အနည်းငယ်ရရှိပြီးကုန်ထုတ်လုပ်မှုဖြင့်ရောင်းချရန် လက်လှမ်းမမှီသော်လည်း ကျေးရွာအတွင်းအဆောက်အဦများတည်ဆောက်ရန်အတွက် အသုံးပြုရန် လွယ်ကူစွာရရှိပါသည်။ဒုံဖီကျေးရွာ၏အနီးပတ်ဝန်းကျင်တွင်သဘာဝဆေးဖက်ဝင်အပင်များနှင့်သဘာဝတိရစ္ဆာန်မျိုးစိတ်များအနည်းငယ်ရှိပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	ရပ်မိရပ်ဖ	၁□ ၂√ ၃□	ပညာရေး√ငွေကြေး□ ကျန်းမာရေး√ဘာသာရေး√ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး√	ကျေးရွာ၏လိုအပ်ချက်မှန်သမျှကို အဖက်ဖက်မှကြည့်ရှုစောင့်ရှောက်ပေးသောအဖွဲ့ဖြစ်သည်။
၂	အုပ်ချုပ်ရေး	၁□ ၂√ ၃□	ပညာရေး√ငွေကြေး□ ကျန်းမာရေး√ဘာသာရေး√ စိုက်ပျိုးမွေးမြူရေး √ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး√	ကျေးရွာ၏လိုအပ်သောလူမှုရေး၊စီးပွားရေး၊လုံခြုံရေးတို့တွင် အဖက်ဖက်မှပါဝင်ဆောင်ရွက်နေသော အဖွဲ့ဖြစ်သည်။
၃	ကျေးရွာဖွံ့ဖြိုးရေး	၁□ ၂√ ၃□	ပညာရေး√ငွေကြေး□ ကျန်းမာရေး√ဘာသာရေး√ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နေသောအဖွဲ့ဖြစ်သည်။
၄	အမျိုးသမီး	၁□ ၂√ ၃□	ပညာရေး√ငွေကြေး□ ကျန်းမာရေး√ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး√	ကျေးရွာ၏ပညာရေး၊ကျန်းမာရေး၊ဘာသာရေး၊သာရေး/နာရေးနှင့် အမျိုးသမီးများလုံခြုံရေးတို့တွင် ကူညီဆောင်ရွက်ပေးနေသောအဖွဲ့ဖြစ်ပါသည်။
၅	လူငယ်	၁□ ၂√ ၃□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး√	ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်တစ်ထောင့်တစ်နေရာမှကူညီပေးနေသူများဖြစ်ပါသည်။
၆	မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ	၁√ ၂□ ၃□	ပညာရေး□ငွေကြေး√ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကျေးလက်ဦးစီးဌာနမှအကောင်အထည်ဖော်ဆောင်ရွက်နေသောအရင်းမပျောက်လည်ပတ်ရန်ပုံငွေအားမဆုံးရှုံးမပပျောက်ရေးတာဝန်ယူဆောင်ရွက်ပေးနေရသောအဖွဲ့ဖြစ်ပါ

Scanned by CamScanner

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနှည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
				သည်။
၇		၁□ ၂□ ၃□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ဒုံဖီကျေးရွာ၏အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင်အမျိုးသမီးများအားလုံးစုပေါင်း၍ဆောင်ရွက်ကြပါသည်။အမျိုးသမီးရေးရာနှင့်လူငယ်အဖွဲ့တို့ပူးပေါင်း၍ကျေးရွာတွင်းပညာရေး၊ကျန်းမာရေးကိစ္စများအားလိုက်ပါဆောင်ရွက်ပေးကြပါသည်။ ကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိသည့်အတွက် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေကြပါ သည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂.၅ဧက အထက်	၅ဧကမှ၁၂.၅ဧက ကြား	၁၂.၅ဧကမှ၅ဧက ကြား	၂.၅ဧကအောက် နှင့် မြေယာမဲ့
အိမ်အခြေအနေ	တိုက်အိမ်	ပျဉ်ထောင်အိမ်	သွပ်မိုးအိမ်	ဝါး၊ခနိမိုးအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား/ထော်လာကျိ	ဆိုင်ကယ်	ဆိုင်ကယ်/စက်ဘီး	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	ခြံစိုက်/ဈေးဆိုင်	ဈေးဆိုင်	ရော်ဘာခြစ်/ ကွမ်းသီးခူး	ကျပန်း
အိမ်ထောင်စု	၁၀	၆၀	၉၀	၄၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

Scanned by CamScanner

